# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

March 10 , 2022 Volume 52, Number 7


၁၀.၃.၂၀၂၂

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၈၅ US$ |
| မြန်မာ့ရွှေဈေး | = ၂၀၁၀၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၂၀၅၅ ကျပ် |
| CBM Rate | = ၁၇၇၈.၀ ကျပ် |
| ယူရို တစ်ယူရို | = ၁၉၆၃.၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၀၈.၀ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၃၄၀.၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၀၄.၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၁.၂၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၃၁၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၄.၈၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၂၄.၅၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၃.၇၁၆ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## နှစ်ရက်အတွင်း မတ်ပဲဈေးအတက်ကြမ်းပြီး သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၃၀၀၀ ခန့် ဈေးတက်ကာ မြေပဲဆန်ဈေး ရက်ပိုင်းအတွင်း တစ်ပိဿာ ကျပ် ၂၀၀ ဝန်းကျင်ဈေးကျ



https://news-eleven.com/article/227141

မန္တလေးပွဲစား၊ ကုန်သည်စက်ပိုင်များ ကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) ဈေးကွက်တွင် မတ်ပဲဈေး နှစ်ရက်အတွင်း ဈေးအတက်ကြမ်းပြီး သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၃၀၀၀ ခန့် ဈေးတက်ကာ မြေပဲဆန်ဈေး ရက်ပိုင်း အတွင်း တစ်ပိဿာ ကျပ် ၂၀၀ ခန့် ဈေးပြန်ကျသွားသည်ဟု မန္တလေးမြို့ပဲ ကုန်သည်များထံမှ သိရသည်။

"မတ်ပဲဈေး ၁၃၅၀၀၀ ဈေးဖြစ်သွားတယ်။ မနေ့ကနဲ့ ဒီနေ့ဆို တစ်အိတ်ကို ကျပ် ၃၀၀၀ လောက် ဈေးတက်သွားတယ်။ ပဲစင်းငုံအနီ ၁၃၂၀၀၀ ဈေး၊ သူကဈေးငြိမ်တယ်။ မတ်ပဲဈေးက အတက်နည်းနည်းကြမ်းသွားတယ်။ ကုလားပဲဈေးတွေ ပြန်ပြီးဈေးအေးသွားတယ်လို့ ပြောရမယ်။ V2 ကုလားပဲ ၁၃၂၀၀၀ ဈေး၊ ထိုင်ဝမ်ကုလားပဲ ၁၂၄၀၀၀ ဈေး၊ ၉၂၉ ကုလားပဲ ၁၂၆၀၀၀ ဈေးရှိပါတယ်။ မြေပဲဆန်ဈေးလည်း ဈေးပြန် အေးတယ်။ အဓိကကုန်ချောတွေ ရောင်းကောင်းတယ်။ ကုန်ကြမ်းဝယ်လိုအားကကျတယ်လို့ ပြောရမယ်။ ဆီစက်သမားတွေ မြေပဲဆန်ဝယ်လိုအားကျတယ်။ အဓိကက မီးပျက်လို့ မြေပဲဆီသန့်က ရောင်းကောင်းတယ်။ ပဲဆီတစ်ပိဿာ ၉၀၀၀ ဈေးရှိတယ်။ မြေပဲဆန်ကတော့ ရောင်းမကောင်းဘူး။ မြေပဲဆန်ဈေး တစ်ပိဿာ ၁၅၀ ကနေ ၂၀၀ ကျပ်လောက် ဈေးပြန်ကျတယ်။ ပဲဆီဈေးတက်ပေမဲ့ မြေပဲဆန်ဝယ်လိုအားမရှိလို့ ဈေးပြန်ကျတယ်။ မတ်ပဲဈေး နှစ်ရက်အတွင်း ဈေးအတက်ကြမ်းပြီး သုံးတင်းဝင် တစ်အိတ်ကို ကျပ် ၃၀၀၀ လောက် ဈေးတက်သွားတယ်။ ကုလားပဲဈေးတွေ ဈေးပြန်အေးတယ်။ မြေပဲဆန်ဈေးလည်း ရက်ပိုင်းအတွင်း တစ်ပိသာ ၂၀၀ ကျပ်လောက် ဈေးကျတယ်။ နှမ်းဈေးက ဈေးလည်း မတက်ဘူး။ ဈေးလည်းမကျဘူး။ ဈေးအပြောင်းအလဲမရှိဘူး။ ပဲတီစိမ်းရွှေဝါက မန္တလေးဘက်မှာ လောလောဆယ် အရောင်းအဝယ်မဖြစ်ဘူးပြောရမယ်။ ပဲတီစိမ်းရွှေဝါက ရန်ကုန်ဈေးကွက်မှာ အရောင်းအဝယ်ဖြစ်နေတယ်။ အညာပဲတီစိမ်းက ပစ္စည်းရှိပေမဲ့ ပဲမကောင်းတော့ ဈေးက ၁၁၅၀၀၀ နဲ့ အရောင်းအဝယ်ရှိတယ်။ ပြောင်းဖူးစေ့ဈေးက ၁၀၀၀ ကျော်ဈေးပေါက်တယ်။ လက်ကြီးသမားတွေ ၁၀၂၀ ကျော်အထိ ပေးဝယ်တယ်ကြားတယ်။ ဗမာကာဘိုးပြောင်းဈေးက ၉၇၀ ဈေးရှိတယ်။ ပြောင်းဈေးက ဆက်တိုက်တက်နေတယ်။ အခုထိ ပြောင်းဈေးကောင်းတုန်းလို့ပြောရမယ်။ နိုင်ငံခြားငွေ ဈေးတက်

တော့ ကောက်ပဲသီးနှံဈေးတွေ ဈေးတက်တယ်လို့ပြောရမယ်”ဟု မန္တလေးပွဲစား၊ ကုန်သည်စက်ပိုင်များ ကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) ပြန်ကြားရေးတာဝန်ခံက ပြောကြားသည်။

မန္တလေးကုန်စည်ဒိုင်ဈေးကွက်၌ မတ် ၈ ရက် မွန်းလွဲပိုင်း ပဲဈေးများမှာ V2 ကုလားပဲ သုံးတင်းတစ်အိတ် ( ၅၇ ဒသမ ၂၅ ပိဿာ) ၁၃၂၀၀၀ ဈေး၊ V7ကုလားပဲ သုံးတင်းတစ်အိတ် (၅၇ ဒသမ ၂၅ ပိဿာ) ၁၃၀၀၀၀ ဈေး၊ ၉၂၉ ကုလားပဲ သုံးတင်းတစ်အိတ် (၅၆ ဒသမ ၂၅ ပိဿာ ) ၁၂၆၀၀၀ ဈေး၊ ထိုင်ဝမ် (ဟော်လန်) ကုလားပဲသုံးတင်း တစ်အိတ် (၅၆ ဒသ မ၂၅ ပိဿာ) ၁၂၄၀၀၀ ဈေး၊ ပဲစင်းငုံဖြူ (၂၀၂၂ ) သုံးတင်းတစ်အိတ် (ပိဿာ ၆၀) ၁၂၇၀၀၀ ဈေး၊ ပဲစင်းငုံနီ (၂၀၂၂ ) သုံးတင်း တစ်အိတ် (ပိဿာ ၆၀) ၁၃၁၀၀၀ ဈေး၊ ပဲယင်းအဝါ သုံးတင်းတစ်အိတ် (ပိဿာ ၆၀) ၁၀၀၀၀၀ ဈေး၊ မတ်ပဲအလုံးကြီး သုံးတင်းတစ်အိတ် (ပိဿာ ၆၀ ) ၁၃၅၀၀၀ ဈေးရှိကြောင်း သိရသည်။

**Source:** https://news-eleven.com/article/227141

## အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်သို့ အလှချိတ်ယွန်းပန်းချီကားငယ်များ ဝင်ရောက်လာ



Photo: Internet

အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်အတွင်းသို့ ယခုမတ်လ ပထမပတ်အတွင်း (၁၃ x ၉) လက်မ အရွယ်ရှိ အလှချိတ်ယွန်းပန်းချီကားငယ်များ ဝင်ရောက်လာကြောင်း ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ မြန်မာ့အလှ အမှတ်တရပစ္စည်း အရောင်းဆိုင်ပိုင်ရှင် ဦးမောင်မောင်အေးက ပြောပြ၍သိရသည်။

မြန်မာ့လက်မှုအနုပညာပစ္စည်းများတွင် လက်ရာမြောက် ယွန်းအနုပညာပစ္စည်းများကို ပြည်တွင်း၊ ပြည်ပမှ ခရီးသွားဧည့်သည်များ အထူးစိတ်ဝင်တစားဝယ်ယူလေ့ရှိသဖြင့် ယွန်းလက်မှုပစ္စည်းများကို အဆင့်မြင့်တင် ပြုလုပ်လာကြောင်း၊ အနုပညာမြောက် ယွန်းထည်များကို အများဆုံးပြုလုပ်သည်မှာ ပုဂံဒေသနှင့်ညောင်ဦးဒေသတို့ပင်ဖြစ်ကြောင်း သိရသည်။

“မြန်မာ့လက်မှုယွန်းအနုပညာထုတ်ကုန်တွေက ဈေးကွက်အနေအထားကိုက နိုင်ငံတကာခရီးသွားတွေပဲ ဝယ်ယူကြတာဖြစ်ပေမဲ့ ယွန်းပန်းချီကားကျတော့ ပြည်တွင်းကအဝယ် ရှိပါတယ်။ လက်ရှိဈေးကွက်ထဲကိုတော့ ကညစ်ယွန်း၊ ရွှေဇဝါယွန်း၊ သရိုးပန်းကြွယွန်း၊ မှန်စီရွှေချယွန်း၊ မံယွန်းဒီဇိုင်းအမျိုးမျိုး ပုံစံအထွေထွေနဲ့ ပေါင်းစပ်ထုတ်လုပ်ထားတဲ့ ယွန်းထည်တွေ ဝင်လာနေပါတယ်။ အခု မတ်လပထမပတ်အတွင်းမှာ ဈေးကွက်ထဲကိုဝင်လာပြီး အဝယ်များတာကတော့ (၁၃x၉) လက်မ အရွယ်ရှိ အလှချိတ်ယွန်းပန်းချီကားငယ်တွေဖြစ်ပါတယ်။ တန်ဖိုးကတော့ ငွေကျပ် ၁၅၀၀၀ ဖြစ်ပါတယ်”ဟု ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ မြန်မာ့အလှ အမှတ်တရပစ္စည်းအရောင်းဆိုင်ပိုင်ရှင် ဦးမောင်မောင်အေးက ပြောပြ သည်။

ယွန်းထည်ဒီဇိုင်းဆန်းများမှာ ဈေးနှုန်းအမျိုးမျိုးကွာခြားသွားပြီး တန်ဖိုးနည်းယွန်းထည်များမှာ ငွေကျပ် ၃၀၀၀ ကျော်၊ အနုပညာလက်ရာမြောက် တန်ဖိုးမြင့်ယွန်းထည်တစ်ခုလျှင် ငွေကျပ် ၃၀၀၀၀ ကျော်မှ သိန်း ၂၀ ကျော်ထိရှိကြောင်းသိရသည်။

**Source:** ရတနာပုံသတင်းစာ

## Basic Stock Investment Training Course (003/2022) Online Class ဖွင့်လှစ်ပို့ချပေးသွားမည်

ရန်ကုန်စတော့အိတ်ချိန်းမှ Basic Stock Investment Training Course (003/2022) Online Class ကို ယခုမတ်လအတွင်း ဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်စတော့အိတ်ချိန်း၏ ထုတ်ပြန်ချက်သတင်းများအရ သိရသည်။

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အဓိကကျသည့် စတော့ဈေးကွက်အကြောင်းကို Online မှ အလွယ်တကူသင်ယူနိုင်ရေးအတွက် ဖွင့်လှစ်ပို့ချပေးရန် စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါသင်တန်းကို ယခုနှစ် မတ် ၁၉ ရက်မှ ၂၃ ရက်ထိ အပတ်စဉ် စနေနေ့တိုင်း နံနက် ၉ နာရီ မိနစ် ၃၀ နှင့် မွန်းလွဲ ၁ နာရီ မိနစ် ၃၀ တို့တွင် သက်ဆိုင်ရာဘာသာရပ်အလိုက် Microsoft Teams Application မှတစ်ဆင့် ဆရာများကိုယ်တိုင် အွန်လိုင်းမှ တိုက်ရိုက်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းကို သင်ယူခြင်းအားဖြင့် မြန်မာနိုင်ငံနှင့်ကမ္ဘာ့နိုင်ငံအသီးသီးက စတော့ဈေးကွက်အကြောင်း၊ ဘဏ္ဍာဈေးကွက်နှင့် စာရင်းဝင်ကုမ္ပဏီများအကြောင်း၊ စတော့ရှယ်ယာဈေးကွက်တွင် ဝယ်ယူရင်းနှီးမြှုပ်နှံလိုသူများအနေဖြင့် သိထားသင့်သည့် ရင်းနှီးမြှုပ်နှံမှုအကြောင်းများကို လေ့လာသိရှိခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းတက်ရောက်သည့် အပတ်စဉ်တိုင်းတွင် သင်ခန်းစာဆန်းစစ်ချက်မေးခွန်းများကိုဖြေဆို၍ သတ်မှတ်ချိန်အတွင်း ပေးပို့ရမည်ဖြစ်ပြီး ဖြေဆိုရာတွင် မှန်ကန်မှုရမှတ် ပျမ်းမျှ ၈၀ ရာခိုင်နှုန်းကျော်မှသာ သင်တန်းပြီးဆုံးကြောင်း လက်မှတ်ထုတ်ပေးမည်ဖြစ်ကြောင်းသိရသည်။

ထို့ပြင် သင်တန်းတက်ရောက်နေစဉ်အတွင်းနှင့် သင်တန်းပြီးဆုံးချိန်နောက်ပိုင်းတို့တွင် အစုရှယ်ယာစာရင်းဖွင့်လှစ်မထားသည့်သင်တန်းများကို အစုရှယ်ယာစာရင်းဖွင့်လှစ်နိုင်ရန် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းတက်ရောက်လိုသူများအနေဖြင့် Online Booking system (https://ysx-mm.com/events/003-2022-online-class/) မှတစ်ဆင့် မတ် ၁၈ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ ကြိုတင်စာရင်းပေးသွင်းကြရမည်ဖြစ်ကြောင်း၊ သိရှိလိုသောအချက်များရှိပါက ဖုန်း ၀၁-၃၇၁၂၇၄၊ ၀၉-၇၅၈၉၈၁၅၉၁ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း သိရသည်။

**Source:** ရတနာပုံသတင်းစာ

## ဈေးနှုန်းတက်ခြင်းကြောင့် တရုတ်နိုင်ငံမြောက်ပိုင်းတွင် သဘာဝဓာတ်ငွေ့ပြတ်လပ်မှုနှင့်ကြုံတွေ့နေရ

ပြင်းထန်သော ဆောင်းရာသီနှင့်အတူ နိုင်ငံတကာဈေးကွက်ပေါက်ဈေးများ ခုန်တက်နေသည့်အချိန်တွင် တရုတ်နိုင်ငံမြောက်ပိုင်း အချို့နေရာများတွင် သဘာဝဓာတ်ငွေ့ပြတ်လပ်မှုနှင့် ကြုံတွေ့နေရသည်။

အနောက်မြောက်ပိုင်းရှန်စီပြည်နယ် ဝေနန်မြို့တွင်နေထိုင်သူများအား ဖေဖော်ဝါရီ ၂၅ ရက်တွင် မြို့၏သဘာဝ ဓာတ်ငွေ့ကုမ္ပဏီက တောင်းပန်စာတစ်စောင်ပေးပို့ခဲ့ပြီး ဖေဖော်ဝါရီလအစောပိုင်းတွင် နှင်းများထူထပ်စွာကျဆင်းမှုနှင့် အပူချိန်ကျဆင်းမှုကြောင့် ဝယ်လိုအားများ မြင့်တက်ခဲ့ခြင်းကြောင့် အချို့သော သုံးစွဲသူများသည် သုံးစွဲမှုအများဆုံးအချိန်နာရီများတွင် လောင်စာဓာတ်ငွေ့မရရှိတော့ကြောင်း YICAI Global တွင် မာချန်ချန်က ရေးသားခဲ့သည်။

ပေကျင်းနှင့်ကပ်လျက်ရှိ ဟူပေပြည်နယ်ရှိ နေရာများသည် ဖေဖော်ဝါရီလအစနှင့်အလယ်ပိုင်းတို့တွင် ထောက်ပံ့မှုပြတ်တောက်ခဲ့ကြောင်း တရုတ်အစိုးရ၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြခဲ့သည်။

လွန်ခဲ့သည့် သီတင်းပတ်တွင် သဘာဝဓာတ်ငွေ့ရည်ဈေးနှုန်းများသည် ၂၅ ရာခိုင်နှုန်းဈေးခုန်တက်ခြင်းနှင့် ဖေဖော်ဝါရီလတွင် ၇၅ ရာခိုင်နှုန်း ခုန်တက်သွားသည့်အတွက် ဓာတ်ငွေ့ကုမ္ပဏီများသည် တစ်တန်လျှင် ယွမ် ၈,၃၈၃ သို့မဟုတ် တစ်ကုဗမီတာလျှင် ၆ ယွမ်သို့ မြင့်တက်သွားသဖြင့် အခက်ကြုံနေရကြောင်း ရှန်ဟိုင်းရေနံနှင့် သဘာဝဓာတ်ငွေ့ကုန်စည်ဒိုင်ကဆိုသည်။ ဓာတ်ငွေ့ကုမ္ပဏီအများစုသည် ပစ္စည်းပေးသွင်းသူများနှင့် ပုံသေဝယ်ယူသည့်ဈေးနှုန်းနှင့်ပမာဏတို့ကို သတ်မှတ်ကာ နှစ်ရှည်ထောက်ပံ့ရေးစာချုပ်များ ချုပ်ဆိုထားကြောင်း ယင်းလုပ်ငန်းနယ်ပယ်မှတစ်ဦးက YICAI Global သို့ ပြောကြားခဲ့သည်။

တစ်ခါတစ်ရံအမှန်တကယ်ဝယ်လိုအားသည် စာချုပ်ချုပ်ဆိုထားသော ရောင်းလိုအားထက် များနေသည့်အခါ သဘာဝဓာတ်ငွေ့ကို ဓာတ်ငွေ့ကုမ္ပဏီများသည် ဈေးကွက်ပေါက်ဈေးဖြင့် ဝယ်ယူရသော်လည်း ဈေးနှုန်းကွာဟချက် ကြီးမားခြင်းကြောင့် လေလံပွဲများတွင် ပါဝင်လိုစိတ်နည်းပါးသဖြင့် ဓာတ်ငွေ့ဖြည့်ဆည်းနိုင်မှုကို ပြတ်တောက်သွားစေသည်။ "သဘာဝဓာတ်ငွေ့ဈေးနှုန်းတွေ မြင့်တက်မှုက မနှစ်က ကျောက်မီးသွေးဈေးတက်တာနဲ့ဆင်တူပြီး ကျောက်မီးသွေးလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံတွေက ကျောက်မီးသွေးဝယ်ဖို့ မတတ်နိုင်တာကြောင့် လုပ်ငန်း တွေတော်တော်များများ ပိတ်လိုက်တာ ဒါမှမဟုတ် ပြင်းပြင်းထန်ထန် ဖြတ်တောက်လိုက်တာကြောင့် နိုင်ငံမှာ ဓာတ်အားပြတ်တောက်မှုဖြစ်စေခဲ့ပါတယ်" ဟု တရုတ်လူမှုသိပ္ပံအကယ်ဒမီလက်အောက်ရှိ အမျိုးသားစီးပွားရေးမဟာဗျူဟာအကယ်ဒမီမှ တွဲဖက်သုတေသီ ဖန်ယုန်ဆန်းက YICAI Global သို့ ပြောကြားခဲ့သည်။

အဆိုပါ ဖြစ်ရပ်၂ ခုကြား ကွာခြားချက်မှာ ကျောက်မီးသွေး တင်သွင်းမှုအပေါ် တရုတ်၏မှီခိုအားထားမှု အလွန်နည်းသော်လည်း သဘာဝဓာတ်ငွေ့အတွက် ၄၀ ရာခိုင်နှုန်းကျော် တင်သွင်းနေရသောကြောင့် အစိုးရဌာနများအတွက် ထောက်ပံ့မှုနှင့်ဈေးနှုန်းများတည်ငြိမ်စေရန် အာမခံချက်အတွက် အဖြေရှာရန် ခက်ခဲနေကြောင်း ဖန်ကပြောကြားခဲ့သည်။

**Source:** https://mizzimaburmese.com/article/101476

## အိန္ဒိယနိုင်ငံမှာ နှစ်ပတ်ဆက်တိုက် တက်လာတဲ့ကုလားပဲဈေး

အိန္ဒိယမှာ မကြာခင် ကျင်းပတော့မယ့်ပွဲတော်တွေကြောင့် ပဲခွဲစက်တွေက အရည်အသွေးကောင်းတဲ့ ကုလားပဲအသစ်တွေကို လတ်တလောလိုအပ်ချက်အရ ဝယ်ယူလာတဲ့အတွက် ကုလားပဲဈေးက သီတင်းပတ်နှစ်ပတ်ထိ ဆက်တိုက် မြင့်တက်လာခဲ့ပါတယ်။

အရင်အပတ်က အင်ဒိုရီဈေးကွက်မှာ ကုလားပဲဈေးက တစ်ကွင်တယ် (၁၀၀ ကီလို ဂရမ်) ကို ၅၁၀၀-၅၁၅၀ ရူပီး ရှိခဲ့ပြီး ၇၅ ရူပီးမြင့်တက်ခဲ့ပါတယ်။ အစိုးရအနေနဲ့ လှောင်လက်တွေဆီမှာရှိတဲ့ ကုလားပဲဟောင်းလက်ကျန်တွေက ပုံမှန်အရည်အသွေးသာ ရှိနေတယ်လို့ သိရပါတယ်။

ကုလားပဲဈေးဆက်တိုက် တက်လာပေမဲ့ အိန္ဒိယမှာ ပဲသစ်တွေအဝင်များလာတာ၊ အထွက်တိုးမယ်လို့ ခန့်မှန်းထုတ်ပြန်ထားတာနဲ့ Nafed အေဂျင်စီက ပဲဟောင်းလက်ကျန်တွေကို ငွေဖော်ထုတ်ရောင်းလာတာတွေကြောင့် ကုလားပဲနဲ့တခြားဆက်စပ်တဲ့ စားသုံးကုန်တွေ ဈေးဆက်မတက်အောင် အဟန့်အတားဖြစ်စေနိုင်ပါတယ်။

အိန္ဒိယက ဟိုလီပွဲတော်အပြီးမှာ ကုလားပဲအသစ်တွေ ဒီထက်ပိုဈေးကွက်ထဲဝင်လာနိုင်ပြီး ရာသီဥတုကလည်း ကောင်းမွန်ခဲ့လို့ ကုလားပဲအထွက်တိုးမယ်လို့ မှန်းဆထားပါတယ်။

ဂူဂျာရတ်ပြည်နယ်မှာ အာဏာပိုင်အဖွဲ့က ကုလားပဲနဲ့ပဲစင်းငုံတွေကို ဒေသခံတွေအတွက် လစဉ်ပုံသေဈေးတခု သတ်မှတ်ပြီးတော့ ရောင်းချပေးဖို့ ဆုံးဖြတ်ထားကြောင်း သိရပါတယ်။

အိန္ဒိယတဝန်း လက်ရှိကုလားပဲဈေးဟာ အစိုးရသတ်မှတ်တဲ့အခြေခံဈေး ၅၂၃၀ ရူပီး အောက်မှာ ရောက်နေလို့ ကုလားပဲအစိုက်များတဲ့ ပြည်နယ် ၃ ခုမှာ လာမယ့်သီတင်းပတ်တွေအတွင်း အစိုးရက တောင်သူတွေဆီကနေ အခြေခံဈေးနဲ့ ဝယ်ယူပေးနိုင်ပါတယ်။ ဂူဂျာရတ်မှာဆိုရင် ကုလားပဲတွေကိုစတင် ဝယ်ယူနေပြီး ဖြစ်ပါတယ်။

အစိုးရအနေနဲ့ အခြေခံဈေးအောက်ရောက်နေတဲ့ တခြားပဲတွေကို ဝယ်မပေးနိုင်သေး ဘဲကုလားပဲတစ်မျိုးကိုပဲ ဝယ်ယူပေးမှာဖြစ်တဲ့အပြင် တခြားပဲတွေထက်လည်း ဈေးကသက်သာနေတဲ့အတွက် ဒီအချက်က ဈေးနှုန်းကိုဆက်ထိန်းပေးထားနိုင်ပါတယ်။

**Ref: Commodity News**

**Source: Current Content**

## ကမ္ဘာ့ဝယ်လိုအားမြင့်တက်လာမှုကြောင့် ပီလောပီနံပြည်ပတင်ပို့မှုအလားအလာ ကောင်းမွန်မည်ဟု မျှော်လင့်လျှက်ရှိခြင်း

ကမ္ဘာ့ဝယ်လိုအားမြင့်တက်လာမှုနှင့် သီးနှံဈေးနှုန်းများ မြင့်တက်မှုတို့ကြောင့် ယခုနှစ်အတွက် ထိုင်းနိုင်ငံ၏ ပီလောပီနံပြည်ပတင်ပို့မှုအလားအလာမှာ ကောင်းမွန်မည်ဟု မျှော်လင့်ရကြောင်းသိရှိရပါသည်။

ပီလောပီနံမူဝါဒနှင့်စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီးနောက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးမစ္စတာဂျူရင်က ၂၀၂၁ခုနှစ် တွင် ပြည်ပသို့ ပီလောပီနံတင်ပို့မှု(၄၈.၄၁%) တိုးတက်ခဲ့ပြီး ဘတ်ငွေအားဖြင့် (၁၂၃.၂)ဘီလီယံရရှိခဲ့ကြောင်း၊ ယခုနှစ်တွင် ပီလောပီနံ ပြည်ပတင်ပို့မှုအနေဖြင့် အရှိန်အဟုန်ဖြင့် တိုးတက်လာရန်မျှော်မှန်းထားကြောင်း ပြောကြားခဲ့ပါသည်။

ပြည်ပတင်ပို့မှုမှာ အရေအတွက်အားဖြင့် (၄၅.၅၈%)တိုးတက်ခဲ့ပြီး တန်ချိန်(၁၀.၃၈)သန်း တင်ပို့နိုင်ခဲ့ကြောင်း၊ ၎င်းမှာ လွန်ခဲ့သော(၁၄)နှစ်အတွင်း အမြင့်မားဆုံး တိုးတက်မှုဖြစ်ကြောင်းနှင့် ကမ္ဘာ့သီးနှံဈေးနှုန်းမြင့်မားခဲ့မှုနှင့် အီသနော၊ အယ်လ်ကိုဟောနှင့်ဆေးဘက်ဆိုင်ရာထုတ်ကုန်များအတွက် ဝယ်လိုအားမြင့်မားခဲ့မှုတို့ကြောင့်ဖြစ်ကြောင်း သိရှိရပါသည်။

ထိုင်းနိုင်ငံ၏ ပီလောပီနံပို့ကုန်အတွက် အကြီးမားဆုံးသော ဈေးကွက်ကြီးမှာ တရုတ်ဈေးကွက်ဖြစ်ပြီး ၎င်းမှာပြည်ပတင်ပို့မှုစုစုပေါင်း၏ (၇၀%)ရှိကြောင်း၊ ၎င်းနောက်တွင် ဂျပန်က (၈%) ၊ အင်ဒိုနီးရှားက(၃%)၊ တောင်ကိုရီးယားက (၂%)နှင့် အခြားနိုင်ငံများက (၁၇%)ရှိကြောင်း သိရှိရပါသည်။

လက်ရှိလတ်ဆပ်သော ပီလောပီနံဈေးနှုန်းမှာ တစ်ကီလိုဂရမ်လျှင် ပျမ်းမျှအားဖြင့် (၂.၅၀-၂.၆၀)ဘတ် ရှိကြောင်း၊ ၎င်းမှာ အစိုးရက လယ်သမားများအတွက် ဝင်ငွေအာမခံချက်ပေးထားသည့်ဈေးနှုန်းနှင့် နီးစပ်မှုရှိကြောင်းသိရှိရပါသည်။ မစ္စတာဂျူရင်က ၎င်းအနေဖြင့်တရုတ်ပြည်တွင် အီသနောထုတ်လုပ်မှုအတွက် ဝယ်လိုအားများဆက်တိုက်တိုးလာမှုကြောင့် ပီလောပီနံဈေးနှုန်း အနေဖြင့် ပိုမိုတိုးတက်လာရန် မျှော်လင့်ကြောင်းပြောကြားခဲ့ပါသည်။

၂၀၂၁-၂၀၂၂ သီးနှံရာသီအတွက် ကမ္ဘာ့ပီလောပီနံထုတ်လုပ်မှုအနေဖြင့် (၁.၂၁%)တိုးတက်နိုင်ပြီး တန်ချိန်(၃၀၂)သန်း ရှိနိုင်မည်ဖြစ်ကြောင်းသိရှိရပါသည်။ သို့ရာတွင် ၂၀၂၁-၂၀၂၂ သီးနှံရာသီအတွက် ထိုင်းနိုင်ငံ၏ပီလောပီနံထုတ်လုပ်မှုမှာ ယခင် နှစ်ကရရှိခဲ့သော တန်ချိန်(၃၅.၀၉)သန်း ထက်(၁%)ခန့်ကျဆင်းနိုင်ပြီး တန်ချိန်(၃၄.၆၉)သန်းရရှိနိုင်ကြောင်း၊ အကြောင်းမှာ အလယ်ပိုင်းဇဟိုဒေသများတွင် ရေကြီးမှုများဖြစ်ပေါ်ခဲ့ခြင်းနှင့် အချို့စိုက်ပျိုးဒေသများတွင်မိုးခေါင်မှုများကြောင့်ဖြစ်ကြောင်း သိရှိ ရပါသည်။

ပြည်တွင်းလိုအပ်ချက်မှာ တန်ချိန်(၁၂.၇)သန်းခန့်ရှိလိမ့်မည်ဟု ခန့်မှန်းထားကြောင်း၊ ပြည်ပတင်ပို့မှုအနေဖြင့် တန်ချိန် (၂၉.၇)သန်းခန့်ရှိနိုင်ကြောင်း ခန့်မှန်းထားပါသည်။ ကော်မတီအနေဖြင့် ဘတ်ငွေ(၄၇၄)သန်းတန်ဖိုးရှိ စီမံကိန်းပရောဂျက်(၁၀)ခု ကို အတည်ပြုပေးခဲ့ကြောင်း၊ အဓိကအားဖြင့် ၂၀၂၃ မှ ၂၀၂၇ ခုနှစ်အတွင်း ပီလောပီနံ ပိုးမွှားရောဂါပပျောက်ရေးအပေါ် အဓိက ဦးတည်ဆောင်ရွက်ခြင်းဖြစ်ကြောင်းသိရှိရပါသည်။

ပီလောပီနံမူဝါဒနှင့် စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် လယ်ယာစိုက်ပျိုးရေးဦးစီးဌာနနှင့် လယ်ယာစိုက်ပျိုးရေး နှင့် သမဝါယမဝန်ကြီးဌာနနှင့် ဆက်စပ်ဌာနဆိုင်ရာတို့အား ပီလောပီနံပင်များအားကောင်းလာစေရန်၊လယ်သမားများ၏ အလေ အလွင့်များ လျှော့နည်းစေရန်နှင့်သုတေသနနှင့်ဖွံ့ဖြိုးရေး (R&D)လုပ်ငန်းတို့ကို အရှိန်မြှင့်တင်ဆောင်ရွက်သွားကြရန် တာဝန် ပေးအပ်ခဲ့ကြောင်း၊ပီလောပီနံ ရောဂါကင်းစင်စေရေး(R&D)လုပ်ငန်းအတွက် ဘတ်ငွေ(၂၅)သန်းခွဲဝေပေးမည်ဟု အစိုးရက ကတိပြုထားကြောင်းသိရှိရပါသည်။

**Source: Bangkok Post**

**လွင်မျိုးဇော် (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘန်ကောက်)**

## အိန္ဒိယနိုင်ငံ၌ နိုင်ငံတကာလေကြောင်းခရီးစဉ်များအား မတ်လ ၂၇ ရက်တွင် ပြန်လည်စတင်မည်

အိန္ဒိယနိုင်ငံသို့ ဝင်/ထွက်သွားလာသည့် နိုင်ငံတကာ ခရီးသည်တင် လေကြောင်းခရီးစဉ်များ ပျံသန်းပြေးဆွဲခြင်းကို ၂၇-၃-၂၀၂၂ နေ့တွင် ပြန်လည်စတင်မည်ဖြစ်သည်ဟု အိန္ဒိယမြို့ပြလေကြောင်းဝန်ကြီးဌာနက ၈-၃-၂၀၂၂ နေ့၌ သတင်း ထုတ်ပြန်ခဲ့ပါသည်။

အဆိုပါကြေညာချက်တွင် အိန္ဒိယမြို့ပြလေကြောင်းညွှန်ကြားမှုဌာန (DGCA) အနေဖြင့် Covid-19 ကပ်ရောဂါ ကူးစက်မှုအား ကာကွယ်ထိန်းချုပ်ရေးအတွက် နိုင်ငံတကာလေကြောင်း ခရီးစဉ်များ အိန္ဒိယနိုင်ငံအတွင်း ဝင်ထွက်ပြေးဆွဲခြင်းကို ၂၃-၃-၂၀၂၀ နေ့မှ စတင်ရပ်ဆိုင်းထားခဲ့ကြောင်း၊ ယခုအခါ ကာကွယ်ဆေးထိုးနှံမှုမှာ ကမ္ဘာတစ်ဝန်းလုံးသို့ လွှမ်းခြုံတိုးတက်မှုများ ရရှိ လာပြီဖြစ်ပြီး လေကြောင်းပို့ဆောင်မှု လုပ်ငန်းနယ်ပယ်၌ ပါဝင်လုပ်ဆောင်နေကြသူများနှင့် ဆွေးနွေးညှိနှိုင်းရရှိမှုများအရ အိန္ဒိယနိုင်ငံအစိုးရသည် နိုင်ငံတကာခရီးသည်တင် လေကြောင်းခရီးစဉ်များအား ၂၀၂၂ ခုနှစ် နွေရာသီအစီအစဉ်တွင် ၂၇-၃-၂၀၂၂ နေ့မှ စတင်လုပ်ဆောင်ခွင့်ပြုရန် ဆုံးဖြတ်ခဲ့ကြောင်း၊ သို့ဖြစ်ရာ လက်ရှိဆိုင်းငံ့ထားမှုမှာ ၂၆-၃-၂၀၂၂ နေ့ ၂၃း၅၉ နာရီအချိန် အထိ သက်ရောက်မည်ဖြစ်ပြီး နှစ်နိုင်ငံသဘောတူညီချက်များဖြင့် ပျံသန်းပြေးဆွဲသော Air Bubble ခရီးစဉ်များသည်လည်း အဆိုပါကာလအထိသာ သက်တမ်းတိုးမြှင့်မည်ဖြစ်ကြောင်း၊ နိုင်ငံတကာ လေကြောင်းခရီးစဉ် လုပ်ငန်းဆောင်ရွက်မှုအားလုံးသည် ၁၀-၂-၂၀၂၂ နေ့၌ အိန္ဒိယကျန်းမာရေးနှင့် မိသားစုဖူလုံရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သော ကျန်းမာရေးဆိုင်ရာ လုပ်ငန်း လမ်းညွှန်ချက်များနှင့်အညီ လုပ်ဆောင်ရမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

အိန္ဒိယနိုင်ငံ၌ နိုင်ငံတကာ စီးပွားရေးလေကြောင်းခရီးများပျံသန်းမှု ဆိုင်းငံ့ခြင်းကို ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ ဖြစ်ပွား သည့် ၂၀၂၀ ပြည့်နှစ် မတ်လမှစတင်၍ လစဉ်သက်တမ်းတိုးမြှင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ ထို့နောက် အိန္ဒိယနိုင်ငံသည် Air Bubble သဘောတူညီချက်များဖြင့် အထူးလေကြောင်းခရီးစဉ်များ ပျံသန်းပြေးဆွဲခြင်းကို ၂၀၂၀ ပြည့်နှစ် ဇူလိုင်လမှ စတင်ခဲ့ရာ

လက်ရှိကာလတွင် နိုင်ငံပေါင်း ၃၇ ခုနှင့် လက်မှတ်ရေးထိုး ဆောင်ရွက်လျက်ရှိသည်။ ပြည်ပ လေကြောင်းခရီးစဉ်များနှင့် စပ်လျဉ်း၍ အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ လုပ်ငန်းလမ်းညွှန်ချက်တွင် အိန္ဒိယနိုင်ငံသို့ လာရောက်မည့် ခရီးသည် အားလုံးသည် မူလနိုင်ငံမှ လေယာဉ်မထွက်ခွာမီ ၇၂ နာရီအတွင်း စစ်ဆေးထားသည့် Covid-19 ရောဂါကင်းစင်ကြောင်း ဖော်ပြထားသော Negative RT-PCR Report ဆေးစစ်ချက်လက်မှတ် သို့မဟုတ် အိန္ဒိယအစိုးရက အသိအမှတ်ပြုထားသော Covid-19 ကာကွယ်ဆေးတစ်ရပ်ရပ်အား သတ်မှတ်အကြိမ်ရေအပြည့်အဝ ထိုးနှံထားပြီးဖြစ်ကြောင်း သက်သေခံလက်မှတ်ကို ပြသနိုင်ရမည်ဖြစ်သည်။

အိန္ဒိယအစိုးရသည် လေကြောင်းလိုင်းများ၊ လေဆိပ်များ၊ မြို့ပြလေကြောင်းညွှန်ကြားမှုဌာနနှင့် အိန္ဒိယလေဆိပ်များကြီးကြပ်မှုအာဏာပိုင်အဖွဲ့တို့မှ ကိုယ်စားလှယ်များအပါအဝင် လေကြောင်းပို့ဆောင်ရေးလုပ်ငန်းနယ်ပယ်၌ ပါဝင်လုပ်ဆောင်နေသူများနှင့် ပူးပေါင်းညှိနှိုင်းလျက် နွေရာသီနိုင်ငံတကာခရီးသည်တင် လေကြောင်းခရီးအစီအစဉ်များ အပြီးသတ်ရေးဆွဲမှုကို လုပ်ဆောင်နေပြီဖြစ်သည်ဟု အစိုးရအဆင့်မြင့်အရာရှိတစ်ဦးမှပြောကြားကြောင်း Indian Express သတင်းဌာနက ဖော်ပြပါသည်။

ယူကရိန်းနိုင်ငံ အကျပ်အတည်း၏ နောက်ဆက်တွဲ လေကြောင်းပျံသန်းဇုန်ကန့်သတ်ချက်များနှင့် လေယာဉ်ဆီများဈေးနှုန်းကြီးမြင့်လာမှုအရ အိန္ဒိယ-အမေရိကန်နှင့် အိန္ဒိယ-ကနေဒါ လေကြောင်းခရီးများ၏ လေယာဉ်ခနှုန်းထားများမှာ မြင့်တက်လျက်ရှိပါသည်။ အိန္ဒိယအစိုးရ၏ ယခုဆုံးဖြတ်ချက်သည် လေကြောင်းလိုင်းများအတွက် အိန္ဒိယနှင့်အခြား ပြည်ပနိုင်ငံတို့အကြား မူလလက်မှတ်ရေးထိုးထားသည့် လေကြောင်းဝန်ဆောင်မှု သဘောတူညီချက်များအတိုင်း လုပ်ငန်းအပြည့်အဝလုပ်ကိုင်ခွင့်ကို ရရှိစေမည်ဖြစ်ပါသည်။ သို့ဖြစ်ရာ လေကြောင်းခရီးစဉ်အကြိမ်အရေအတွက် ကန့်သတ်ထားမှုမရှိပဲ လုပ်ကိုင်ခွင့်ပြုရန် လက်မှတ်ရေးထိုးထားသည့် အမေရိကန်ပြည်ထောင်စုကဲ့သို့သော နိုင်ငံများနှင့် အိန္ဒိယနိုင်ငံတို့အကြား လမ်းခရီးတစ်ထောက်ရပ်နားမှုမရှိသော Non-Stop Flights ခရီးစဉ်များ၏ လေယာဉ်ခများမှာ လျှော့ကျ လာဖွယ်ရှိပါသည်။

အင်တာနက်စကြီန် ခရီးသွားဝန်ဆောင်မှုလုပ်ငန်းဖြစ်သော Ixigo အား ပူးတွဲတည်ထောင်သူနှင့် အမှုဆောင်အရာရှိချုပ်ဖြစ်သူ Mr. Aloke Bajpai က အိန္ဒိယနိုင်ငံ၌ နိုင်ငံတကာသို့ လေကြောင်းခရီးသွားရောက်လိုမှု ဝယ်လိုအားမှာ မြင့်တက်လာပြီဖြစ်ကြောင်း၊ ဩစတေးလျ၊ သီရိလင်္ကာ၊ အမေရိကန်၊ ဗြိတိန်စသည့် အထင်ကရ ခရီးသွားဒေသများသို့ သွားရောက်နိုင်ရန်အတွက် ၎င်းတို့အေဂျင်စီ၏ အင်တာနက်စကြီန်သို့ ဝင်ရောက်စုံစမ်းမှုများမှာ သိသာစွာတိုးတက်လာခဲ့ကြောင်း၊ အထူးသဖြင့် ဩစတေးလျနိုင်ငံရှိ မြို့ကြီးများသို့ သွားရောက်နိုင်ရန် မေးမြန်းစုံစမ်းမှုမှာ ယခုလအတွင်း ၁၅% မှ ၂၀% အထိ တိုးတက်လာခဲ့ကြောင်း၊ ကမ္ဘာတစ်ဝန်း၌ ခရီးသွားလာမှုဆိုင်ရာ ကန့်သတ်ချက်များအား ပြန်လည်ဖြေလျှော့မှု ပြုလာသည်နှင့်အမျှ အိန္ဒိယ ခရီးသည်များ၏ ခရီးဝေးသွားရောက်ရန် စိတ်အားထက်သန်မှု မြင့်တက်လာသည်ကို တွေ့ရှိရ ကြောင်း၊ နိုင်ငံတကာလေကြောင်းခရီးစဉ်များ ပြန်လည်စတင်ခြင်းက ဝယ်လိုအားနှင့်ရောင်းလိုအား မျှတမှုကိုဖြစ်စေပြီး နိုင်ငံတကာလေကြောင်းခရီးလက်မှတ်ခများ လျှော့ကျမှုရလာဒ်ကို ရရှိနိုင်မည်ဖြစ်ကြောင်း ပြောဆိုပါသည်။

Source: -

1. Scheduled commercial international passenger services to/from India to resume from 27.03.2022, 8-3-2022, Press Information Bureau of India

2. Regular flights abroad to start March 27 after gap of 2 years, 9-3-2022, The Indian Express

**နေအေးလွင် (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ နယူးဒေလီမြို့)**

## ဟောင်ကောင်ဒေသ၌ Full-Scale LockDown ချမှတ်မည်ကို စိုးရိမ်ပူပန်လျက်ရှိသဖြင့် ကုန်ပစ္စည်းများ အထိတ်တလန့် ဝယ်ယူလျက်ရှိခြင်း

ဟောင်ကောင်ဒေသ၌နေထိုင်သူများအားလုံးအနေဖြင့် စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်အရမဖြစ်မနေ ကိုဗစ်-၁၉ ရောဂါ (၃) ကြိမ်စစ်ဆေးရမည့် universal testing ပြုလုပ်နိုင်ရန် ဟောင်ကောင်ဒေသ၌ ကျယ်ပြန့်သည့် Lockdown ပြုလုပ်နိုင်ချေရှိသောကြောင့် အစားအသောက်နှင့်နေ့စဉ်သုံးပစ္စည်းများ ရောင်းချသည့်ဆိုင်များတွင်ပစ္စည်းများ ပြတ်လပ်လျက်ရှိကြောင်း၊

ထောင်ပေါင်းများစွာသော ဝယ်ယူသူများသည်လည်းအွန်လိုင်းမှအစုလိုက် အပြုံလိုက်ဝယ်ယူလျက်ရှိကြောင်း ၁-၃-၂၀၂၂ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ “Panic buying As Fears Grow of A Full-Scale LockDown” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါ သတင်းဆောင်းပါးတွင် ဟောင်ကောင်ဒေသ၌ လူအများအပြားသွားလာမှု လျှော့ချနိုင်ရန် တစ်မြို့လုံးအား ကန့်သတ်ပိတ်ဆို့ခြင်း Lockdown ချရန်နည်းလမ်းအား ဒေသအစိုးရအနေဖြင့် မဆောင်ရွက်ဟု ယတိပြတ်ပြောကြားနိုင်ခြင်း မရှိကြောင်း ကျန်းမာရေးဝန်ကြီးမှ ရေဒီယိုအစီအစဉ်၌ ပြောကြားခဲ့ပြီးနောက်အစားအသောက်နှင့် နေ့စဉ်သုံးပစ္စည်းများ ထိတ်လန့်တကြား ကြိုတင်ဝယ်ယူမှုများရှိခဲ့သဖြင့် ဆိုင်များ၌ ကုန်ပစ္စည်းပြတ်လပ်မှုများ ကြုံတွေ့ခဲ့ရကြောင်း၊ လတ်ဆတ်သော အသားများ၊ ဟင်းသီးဟင်းရွက်များ၊ ဆေးဝါးများ၊ ပေါင်မုန့်၊ ကြက်ဥနှင့်ဟင်းသီးဟင်းရွက်များမှာ ရောင်းချ၍ပြတ်လပ်သွားကြောင်း၊ စည်သွပ်ဘူးအစားအစာများ၊ အအေးခဲဖက်ထုပ်နှင့်ပေါက်စီများ ဖြည့်ဆည်းပေးမှုမှာလည်း လျော့ကျခဲ့ကြောင်း၊ ဆန်၊ ခေါက်ဆွဲနှင့် သန့်စင်ခန်းသုံး တစ်ရှူးစက္ကူများမှာ ယခင်အကြိမ် အထိတ်တလန့် ဝယ်ယူစဉ်က ပြတ်လပ်ခဲ့သော်လည်း ယခုအကြိမ်တွင် ဆိုင်များ၌ လက်ကျန် အနည်းငယ်ရှိသေးကြောင်း၊ ဝယ်ယူသူများမှာ ဝက်ဘ်ဆိုဒ်မှ ပြောင်းလဲဝယ်ယူလျက်ရှိကြပြီး အွန်လိုင်းပလက်ဖောင်းမှ ရောင်းချလျက်ရှိသည့် ParkNshop သည် ဝယ်ယူသူများ အား စောင့်ဆိုင်းရန် နံပါတ်များပေး၍ စောင့်ဆိုင်းခိုင်းထားကြောင်း၊ ၂၈-၂-၂၀၂၂ ရက်နေ့တွင် ဝယ်ယူသူ(၇,၀၀၀) ဦးကျော်မှာအွန်လိုင်း၌ စောင့်ဆိုင်းလျက်ရှိကြပြီး ခန့်မှန်းခြေစောင့်ဆိုင်းချိန်မှာ (၄၀) မိနစ် ခန့်ကြာမြင့်ကြောင်း၊ ဝယ်ယူသည့်ပစ္စည်းများအား (၁၂) ရက်အတွင်း ပို့ဆောင်ပေးမည်ဖြစ်ကြောင်း ရေးသားဖော်ပြထားပါသည်။

ဟောင်ကောင်ဒေသရှိ ဆေးဆိုင်များ၌လည်း ဆေးဝါးများမှာ ရောင်းကုန်သွားပြီး ပြတ်လပ်လျက်ရှိကြောင်း၊ ပါရာစီတမော အာနိသင်ပါဝင်သည့် Panadol ဆေးဝါးများမှာ ရောင်းကုန်လျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရပြီး ရောဂါခံစားရမှု ပြင်းထန်မှု မရှိသည့် လူနာများ အနေဖြင့် နေအိမ်များတွင် နေထိုင်ပြီး Panadol အားသောက်သုံးပြီး ရေများများ သောက်ခြင်းအားဖြင့် ပြန်လည် နာလန်ထူလာနိုင်ကြောင်း၊ သို့ဖြစ်ရာ ဟောင်ကောင်ရှိ ဆေးဆိုင်များ၌ Panadol ဆေးဝါး လက်ကျန်များမှာ ယခင်ရက်သတ္တပတ်ကျော်ကတည်းက ပြတ်လပ်သွားကြောင်း၊ Watson နှင့် Manning အွန်လိုင်းဆေးဆိုင်များ တွင်လည်း Panadol ဆေးဝါး ပြတ်လပ်လျက်ရှိကြောင်း၊ ဆေးဆိုင်များ၌ ပါရာစီတမော၊ Coltain cold tablets နှင့် ပိုးသတ်ရန် အရက်ပျံပါဝင်သည့် ပိတ်စများမှာ ဝယ်လိုအား မြင့်တက်လျက်ရှိကြောင်း၊ ဟောင်ကောင်ဒေသရှိ သားသတ်ရုံများ၌ ကိုဗစ်-၁၉ ရောဂါတွေ့ရှိခဲ့မှုကြောင့် လတ်ဆတ်သောအသားများရောင်းလိုအားမှာ လျော့ကျလျက်ရှိကြောင်း၊ လတ်ဆတ်သော အသားများ ပြတ်လပ်လျက်ရှိသောကြောင့် အသားဆိုင် (၃) ဆိုင်တွင် (၁)ဆိုင်သာလျှင် ဖွင့်လှစ်နိုင်သည့် အခြေအနေတွင်ရှိကြောင်း၊ နယ်စပ်ဖြတ်ကျော်ကုန်တင်ကား မောင်းနှင်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားခဲ့လျှင်(သို့မဟုတ်)ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူနှင့် နီးကပ်စွာထိတွေ့ခဲ့လျှင် (၂၁)ရက်ကြာ နယ်စပ်ဖြတ်ကျော်မှုကို ခွင့်ပြုမည်မဟုတ်ဟု ရှန်းကျန့်မြို့အာဏာပိုင်များမှကြေညာခဲ့ရာ ဟောင်ကောင်သို့ကုန်ပစ္စည်းများ ဖြည့်ဆည်းပေးမှုအပေါ် သက်ရောက်မှုများရှိနိုင်ကြောင်းစသည်ဖြင့် ရေးသားဖော်ပြထားပါသည်။

Source: **အေးသီခိုင် (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဟောင်ကောင်)**

## STOCK EXCHANGE (10.3.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 10th Mar. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,100 | -100 | -1.22% | 8,100 | 8,100 | 8,100 | 12 | 97,200 | 33,109,694 | 268,189 |
| MTSH | 00002 | 2,850 | +0 | +0.00% | 2,850 | 2,850 | 2,850 | 1,497 | 4,266,450 | 38,929,150 | 110,948 |
| MCB | 00003 | 7,900 | +0 | +0.00% | 7,900 | 7,900 | 7,900 | 0 | 0 | 10,400,986 | 82,168 |
| FPB | 00004 | 19,000 | +0 | +0.00% | 19,000 | 19,000 | 19,000 | 0 | 0 | 2,472,053 | 46,969 |
| TMH | 00005 | 2,600 | +0 | +0.00% | 2,600 | 2,650 | 2,600 | 110 | 286,500 | 12,823,224 | 33,340 |
| EFR | 00006 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 5 | 14,000 | 19,977,223 | 55,936 |
| AMATA | 00007 | 5,100 | +0 | +0.00% | 5,100 | 5,100 | 5,100 | 4 | 20,400 | 10,497,598 | 53,538 |

## Market summary

As of 10th Mar. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 374.27 | -1.90 | -0.51% | 376.17 | 376.54 | 374.27 | 1,628 | 4,684,550 | 7 | 651,088 |

### Index chart




# Market Overview

## Main Board

As of 1:00 pm, 10th Mar. 2022

| MYANPIX | 374.27 ▼ 1.90 |
|---|---|
| Total Volume (shares) | 1,628 |
| Total Value (MMK) | 5 mil |
| Listed Company | 7 |
| Market Cap. (MMK) | 651,088 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,100 | ▼ 100 |
| MTSH | 00002 | 2,850 | ▲ 0 |
| MCB | 00003 | 7,900 | ▲ 0 |
| FPB | 00004 | 19,000 | ▲ 0 |
| TMH | 00005 | 2,600 | ▲ 0 |
| EFR | 00006 | 2,800 | ▲ 0 |
| AMATA | 00007 | 5,100 | ▲ 0 |